# သခင့်စကား
ဝိညာဉ်ရေးဂျာနယ်စောင်

ကောင်းကင်တမန်ကလည်း ဤစကားသည် သစ္စာစကား၊ ဟုတ်မှန်သော စကားဖြစ်၏။ ...... ဤစာစောင်၏ အနာဂတ္တိစကားကို စောင့်ရှောက်သော သူသည် မင်္ဂလာရှိ၏ဟု ပြောဆို၏။ ဗျာဒိတ် ၂၂း၆-၇

အမှတ်စဉ် (၇၂) ဩဂုတ်လ ၂၀၀၇ ခုနှစ် စမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )


## ချစ်သူထံပေးစာ



သို့

ချစ်သူ မှတ်မိလား။ သမ္မာကျမ်းစာထဲမှာ ပေတရုက အိုင်လယ် ရေ ပေါ်မှာ ရပ်နေတဲ့ သခင်ယေရှုကို မြင်တော့ "သခင် ကိုယ်တော် မှန်လျှင် ကိုယ်တော့်ထံသို့ ရေပေါ်မှာ လာရမည့် အကြောင်း မိန့်တော်မူပါ" လို့ တောင်းဆို ခဲ့တယ်။ သခင်က "လာခဲ့လော့"တဲ့။ လာခွင့်ပေးခဲ့တယ်။

ပေတရု ရေပေါ်မှာ လမ်းလျှောက်ပြီး သခင်ယေရှုဆီ သွားခဲ့တယ်။ ဒါပေမဲ့ မရောက်ခဲ့ဘူး ချစ်သူ။ သခင်ယေရှုက ပေတရုကို "ယုံကြည် အားနည်းသောသူ အဘယ့်ကြောင့် ယုံမှားသောစိတ် ဝင်သနည်း"တဲ့။ ပေတရုက သခင်ယေရှုကို ယုံလို့ သွားခြင်း မဟုတ်ဘူး။ သခင် မှန်မမှန် သိချင်လို့ သွားခြင်း ဖြစ်ပါတယ်။ ပေတရု သွားလို့ ရခဲ့ပါတယ်။ ဒါပေမဲ့ ရေနစ် သွားရတယ်။ သူ့ရဲ့ သံသယ စိတ်ကြောင့်ပေါ့ ချစ်သူ။

ဒီလိုဘဲ၊ ကိုယ်တို့ လူသားတွေလည်း ပေတရုလို သခင့်ဆီ လာဖို့ တောင်းဆိုကြတာဘဲ။ သံသယ စိတ်ကြောင့် ပေတရုလို ရေနစ် သွားကြတယ်လေ။ ဒါပေမဲ့ ပေတရုလို "သခင် ကယ်ပါ"လို့ ပြောဖို့ မမေ့ရဘူး ချစ်သူ။

ကိုယ် အခု ကျမ်းစာဖတ် ဆုတောင်းနေပါပြီ ချစ်သူ။ ဒါဟာ ချစ်သူရဲ့ စကားကို နားထောင်ချင်လို့ မဟုတ်ပါဘူး။ သခင် မရှိရင် မဖြစ်လို့ဘဲ ချစ်သူ။ ကယ်မတော်မူပါ သခင်။ ။ **(နေကြိုးနှင်း)**

---

## ဒုံရင်း၊ ဒုံရင်း



ရင်ထဲမှာ လိုနေတဲ့ အရာကို စိတ်ကူးနဲ့ ရှာဖွေရင်း
ငါ့ရဲ့ စိတ်ဝိညာဉ်ဟာ ဘုရားနဲ့ ဝေးနေခဲ့တယ်။
ဘုရားနဲ့ နီးအောင် ပြန်ကြိုးစားရင်း
ရင်မှာ ခိုဝင်လာခဲ့တာက ခနတာ နောင်တ တွေဘဲဖြစ်ပြီး
နောင်တ အစစ်အမှန်ကတော့ ငါနဲ့ အဝေးကြီး ဝေးခဲ့တယ်။
နောင်တ အစစ်အမှန်ရဖို့ ကိုယ့်အား ကိုယ်ကိုးရင်း
ငါဟာ ဘဝ ဝဲဂယက်မှာ နစ်မွန်းလျှက်ဘဲပေါ့ ။

**သိုးစုငယ် ( L.K)**

---

## ဘုရားရှင်ထံတောင်းခံသောအခါ

ကျွန်ုပ်ဘဝ၏ နာကျင်မှုများ အဝေးသို့ ထွက်သွားရန် လိုအပ်သည်ဟု ခံစားရ၍ ဘုရားရှင်ထံ တောင်းခံသောအခါ ... ဘုရားရှင်က ထို နာကျင်မှုများထဲမှ ဘဝကို ပိုမိုမြင့်တင်ရန်နှင့် ဘုရားရှင်နှင့် ပိုမိုနီးကပ်ရန် သွန်သင်ခဲ့ပါသည်။

ကျွန်ုပ်၏ ခန္ဓာကိုယ် မသန်စွမ်းမှုကြောင့် ခန္ဓာကိုယ် ကျန်းမာသန်စွမ်းဖို့ရန် ဘုရားရှင်ထံ တောင်းခံသောအခါ ... ဘုရားရှင်က သန့်ရှင်းသော အသက်တာနှင့် ပြည့်ဝသော အသက်တာကို ပေးပြီး ကျွန်ုပ်၏ ကိုယ်ခန္ဓာသည် ခေတ္တ ခန ယာယီတဲ သာဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

ကျွန်ုပ်ဘဝတွင် သူတစ်ပါးအား သည်းခံနိုင်မှုရှိရန် ဘုရားရှင်ထံ တောင်းခံသောအခါ ... ဘုရားသခင်က ဒုက္ခပြဿနာကို တွေ့ကြုံစေ၍ ထိုအမှုထဲမှ ခံနိုင်ရည်ရှိစွာ သည်းခံနိုင်ရန် သွန်သင်ခဲ့ပါသည်။

ကျွန်ုပ် ဘဝ ပျော်ရွှင်မှုရန် ဘုရားရှင်ထံ တောင်းခံသောအခါ ... ဘုရားရှင်က ကောင်းကြီးများစွာ ချပေးထားသော ဘဝ အသက်တာ ထဲမှ မိမိကိုယ်တိုင် ပျော်ရွှင်မှုကို ကောင်းကြီးမင်္ဂလာများထဲမှ ရှာဖွေတတ်ဖို့ လမ်းညွှန် ပေးခဲ့ပါသည်။

ကျွန်ုပ်ဘဝ၏ လိုအပ်ချက်များ ပြည့်စုံမှ ဘဝတွင် ငြိမ်သက်ချမ်းသာ ရမည်ဟု မျှော်လင့်မိ၍ ဘုရားရှင်ထံ တောင်းခံသောအခါ ... ဘုရားရှင်က သင့်အတွက် အရေးအကြီးဆုံးဖြစ်သည့် ဝိညာဉ် ကယ်တင်ခြင်း စိတ်ချမှုကို ငါပေးပြီးပြီ။ မင်းအတွက် အခြား ဘာတွေ လိုအပ်နေသေးလို့လဲ ဟုမေးခဲ့ပါသည်။

သူတပါးအား ကျွန်ုပ် မချစ်နိုင်၍ ချစ်နိုင်ရန် ခွန်အားကို ဘုရားရှင်ထံ တောင်းခံသောအခါ ... ဘုရားရှင်က ထိုအရာသည် တကယ်တမ်း အဓိက အကျဆုံးနှင့် အလိုအပ်ဆုံး အရာ ဖြစ်သောကြောင့် ယခုချက်ခြင်း ပေးမည်ဟု ကတိ ပေးပါသည်။ ။ အာမင် ။ **မလေး ( ဂျူလိုင် )**

---

## အားကိုးပါ Thin Thin (Rebekah)

ကျွန်မရဲ့ အသက်တာမှာ ခံစားရတဲ့ ကောင်းကြီးမင်္ဂလာတွေနဲ့ ပါတ်သက်ပြီး အနည်းငယ် ဝေငှချင်ပါတယ်။ ဝေငှချင်တဲ့ အကြောင်းအရာကတော့ တန်ခိုးကြီးတဲ့ ဆုတောင်းခြင်းအကြောင်းဘဲဖြစ်ပါတယ်။ ကျွန်မဟာ မူလတန်း ကျောင်းသူအရွယ် ကတည်းက ဆုတောင်းတတ်လာခဲ့ပါတယ်။ ဆရာသမားတွေ ဆုတောင်းတာကို နောက်ကနေ တစ်ထပ်တည်း ကျအောင် လိုက်ရွတ်ပြီး ဆုတောင်းခဲ့ပါတယ်။ မောင်နှမထဲမှာ ကျွန်မက အကြီးဆုံး ဆိုတော့ အမိုး နေမကောင်းဖြစ်တိုင်း အရမ်း စိတ်ပူပန်တတ်ခဲ့ပါတယ်။ ကျွန်မက ငယ်သေးလို့ အစစ အရာရာ မကူညီနိုင်ပေမဲ့ ကူညီချင်တဲ့စိတ် ရှိခဲ့ပါတယ်။ အမိုး နေပြန်ကောင်းလာအောင် ဟိုချောင် ပြေးကပ် ဆုတောင်းလိုက်၊ ဒီချောင် ပြေးကပ် ဆုတောင်းလိုက်နဲ့ အမိုးအတွက် ဆုတောင်း ပေးခဲ့ပါတယ်။ အဲဒီလို ဆုတောင်းခဲ့တဲ့အတွက် ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် အမိုး နေပြန်ကောင်းလာသည်သာမက အခုအချိန် အထိ အသက်ရှင်ခွင့် ပေးခဲ့တဲ့အတွက် ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်း ပါတယ်။

ကျွန်မ ဆယ်တန်းတက်တဲ့ နှစ်က အဆောင်မှာ သွားနေရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက စာဖတ် အရမ်းပျင်းတဲ့အတွက် အဆောင်ပို့ ခံထိတာဖြစ်ပါတယ်။ စာဖတ်ပျင်းသလောက် ဆယ်တန်းကိုလဲ အရမ်း အောင်ချင် ပါတယ်။ ကျွန်မ စာမဖတ်ခင်မှာ ကျမ်းစာဖတ်ခြင်း၊ ဆုတောင်းခြင်း အမြဲ ပြုလုပ်ခဲ့ပါတယ်။ အထူးသဖြင့် **ဖိလိပ္ပိ ၄း၁၃ ငါ့ကို ခွန်အားနှင့် ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏** ဆိုတဲ့ ကျမ်းချက်ကို အမြဲ ဖတ်ရွတ်ခဲ့ပါတယ်။ တနင်္ဂနွေနေ့မှာလဲ အမြဲ အစာရှောင် ဆုတောင်းခဲ့ပါတယ်။

မထင်မှတ်ဘဲ အေးချမ်းလှတဲ့ ဒီဇင်ဘာ ညတစ်ညမှာ အိမ်မက် တစ်ခုကို ကျွန်မ မြင်မက်ခဲ့ပါတယ်။ အိမ်မက်ထဲမှာ အဖ ဘုရားသခင်ဟာ ကျွန်မ အဘိုးရဲ့ အိမ်ကိုရောက်လာပါတယ်။ ကျွန်မက "အပါးဆရာ" လို့ခေါ်ပြီး မေးခွန်းတစ်ခု မေးလိုက်ပါတယ်။ 'အပါးဆရာ ဆယ်တန်း စာမေးပွဲအောင်ဖို့ ဘယ်သူလုပ်ပေးနိုင်သလဲ' လို့မေးတဲ့အခါ သူက သူသာ တတ်စွမ်းနိုင်ကြောင်း ပြန်ဖြေပါတယ်။ ဒါနဲ့ ကျွန်မလဲ ဆယ်တန်း စာမေးပွဲ အောင်ချင်တဲ့အကြောင်းပြောတော့ သူက ကျွန်မရဲ့ နာမည်ကို ထိပ်ဆုံးက ပါအောင် လုပ်ပေးမယ်လို့ပြောပါတယ်။ နောက်ပြီးတော့ ကျွန်မရဲ့ အမေက ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို နားမလည်တဲ့သူ ကျေးဇူး မသိတတ်တဲ့သူဖြစ်ကြောင်း ပြောသွားပါတယ်။ စာသင်ပေးတဲ့ ဆရာမ လှမ်းနိုးမှ ကျွန်မ အိပ်ပျော်ရာကနေ လန့်နိုးသွားပါတယ်။ ဆရာမကို အိမ်မက် အကြောင်းပြောပြတော့ ဆရာမက ကျွန်မ သေချာပေါက် ဆယ်တန်း စာမေးပွဲ အောင်မယ်လို့ ပြောတဲ့အတွက် ကျွန်မ အရမ်းပျော်သွားပါတယ်။

အဖဘုရားသခင်က ကျွန်မရဲ့ အမိုးဟာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို မသိတတ်တဲ့သူဖြစ်ကြောင်း ဘာဖြစ်လို့ပြောသွားသလဲ ဆိုတာ ကျွန်မ နားမလည်ပါဘူး။ သိပ်မကြာပါဘူး၊ နောက်တစ်ပါတ်လောက် ကြာ တဲ့အခါမှာ ကျွန်မတို့ အိမ် မီးလောင်သွားပါတယ်။ မီးလောင်တဲ့အထဲမှာ

ကျွန်မတို့ ပိုင်တဲ့ ပစ္စည်းတွေ အကုန်ပါသွားလို့ ကျွန်မ အရမ်း ဝမ်းနည်းကြေကွဲ ခဲ့ရပါတယ်။ မီးလောင်နေချိန်မှာ လေငြိမ်နေတဲ့အတွက် ဘေးအိမ်တွေကို မီးမကူးစက်ခင်မှာ မီးကို ငြိမ်းအောင် ငြှိမ်းသတ်နိုင်ခဲ့ပါတယ်။ ကျွန်မတို့ အိမ်ကတော့ ပြာပုံဖြစ်သွားခဲ့ပါတယ်။ မိဘတွေ ကြိုးစားရှာဖွေထားသမျှ အကုန်လုံး သဲထဲရေသွန်သလို ဖြစ်သွားခဲ့ရပါတယ်။

ဒါပေမဲ့ အဲဒီ မီးလောင်ပြင် ထဲမှာ ဘုရားသခင်က အံ့သြဘွယ်ရာ နိမိတ်လက္ခဏာ သုံးခု ပြခဲ့ပါတယ်။ ပထမတစ်ခုကတော့ သစ်တကာ သစ်ထဲမှာ အမာဆုံးလို့ တင်စားခံရတဲ့ ပျဉ်းကတိုး သစ်သားနဲ့ အခိုင်အမာ ဆောက်ထားတဲ့ အိမ် တစ်ခုလုံး ပြာပုံအတိဖြစ်အောင် လောင်ကျွမ်းသွားပေမဲ့ သာမန် စက္ကူပါးပါးလေးနဲ့ လုပ်ထားတဲ့ သမ္မာကျမ်းစာအုပ်ဟာ လုံးဝ မီးမလောင်ဘဲ အကောင်းပကတိ ကျန်နေခဲ့ပါတယ်။ ဒုတိယ တစ်ချက်ကတော့ မီးလောင်တဲ့အိမ်တိုင်းမှာ အိမ်ထောင်ဦးစီးဟာ မီးပေါ့ဆမှု ဥပဒေအရ တရားစွဲဆိုခံရပြီး အချုပ်ကျခံရလေ့ရှိပါတယ်။ အိမ်နီးနားချင်း ပါတ်ဝန်းကျင် အသိုင်းအဝိုင်းက မီးလောင်မှုနဲ့ ကျွန်မအဖေ ထောင်ကျတော့မယ်လို့ ထင်ထားခဲ့ကြပါတယ်။ ဒါပေမဲ့ သူတို့ထင်သလို ကျွန်မအဖေ တရားစွဲ မခံရ၊ ထောင်လဲ မကျခဲ့ပါဘူး။ တတိယအချက်တော့ ကျွန်မရဲ့ အမေ ပြောင်းလဲသွားခြင်းပါဘဲ။ အမိုးဟာ အရင်တုံးကဆိုရင် သာမာန်ယုံကြည်သူ ဖြစ်တဲ့အတွက် ဘုရားသခင်အတွက် ဦးစားပေးလေ့မရှိပါဘူး။ အလုပ်ကို တနင်္ဂနွေနေ့ပါ မရှောင် လုပ်တဲ့သူဖြစ်ပါတယ်။ ကျွန်မတို့ကိုပါ သူ့လို လုပ်စေချင် ပါတယ်။ အသင်းတော်က အလှူငွေ လာကောက်တဲ့ သူတွေကို အလှူငွေ ပေးလေ့ရှိပေမဲ့ ပေးတဲ့ငွေနဲ့ တန်အောင် တစ်ခုခုပြောလိုက်ရမှ ကျေနပ်တဲ့သူ ဖြစ်ပါတယ်။ ဥပမာ "ငါ့ အလုပ်ကိုတော့ လာမကူ လုပ်ပေးဘူး၊ ငါ့ဆီမှာတော့ အလှူငွေ လာကောက်ကြတယ်" ဆိုသလိုမျိုး ပြောတတ်ပါတယ်။

အမိုးက ကိုယ်လုပ်မှ ကိုယ်စားရမယ်လို့ ထင်တဲ့သူ ဖြစ်ပါတယ်။ တစ်နေကုန် ဘုရားကျောင်းသွားတက်တဲ့ ကျွန်မတို့ မောင်နှမတွေ အိမ်ပြန်ရောက်လို့ ဗိုက်ဆာရင် အမေက "နင်တို့ ဘုရားကျောင်း သွားတက်တာ ဗိုက် မပြည့်ခဲ့ဘူးလား၊ ဘုရားချည်းဘဲ တနေကုန် သွားရှိခိုးနေလို့ ထမင်းစားရလို့လား၊ ဘယ်သူမှ ခေါ်မကျွေးကြဘူးလား" လို့အမြဲ မြည်တွန်တောက်တီး ပြောလေ့ရှိပါတယ်။ (အမိုးက အဲဒီလို မြည်တွန် တတ်ပေမဲ့ ကျွန်မတို့ မောင်နှမတွေကို လူတစ်လုံးသူတစ်လုံး ဖြစ်အောင် မနားမနေ ကြိုးစား လုပ်ကျွေးတဲ့ မိခင်ကောင်းတစ်ယောက် ဖြစ်ပါတယ်) ဒါပေမဲ့ အိမ်မီးလောင်ခံရပြီးတဲ့ နောက်ပိုင်း အမိုးဟာ အပြောင်းလဲကြီး ပြောင်းလဲခဲ့ပါတယ်။ အရင်က ကျွန်မတို့ ဘုရားကျောင်းသွားရင် ဆူပူတတ်တဲ့ အမေဟာ အခုဆိုရင် တနင်္ဂနွေနေ့ ရောက်တိုင်း ကျွန်မတို့ကို ဘုရားကျောင်း သွားတက်ဖို့ နှိုးဆော် တိုက်တွန်း တတ်လာခဲ့ပါတယ်။

ကျွန်မရဲ့ အိမ်မက်အတိုင်းဘဲ ဆယ်တန်း စာမေးပွဲ အောင်စာရင်း ထွက်တဲ့အခါ ကျွန်မ ကောင်းမွန်စွာအောင်မြင်ခဲ့ပါတယ်။ ဒါဟာလဲ ကျွန်မရဲ့ အစွမ်းအစကြောင့် မဟုတ်ဘဲ ဘုရားသခင်ရဲ့ မစမှုကြောင့်လို့ ကျွန်မ အကြွင်းမဲ့ ယုံကြည်ပါတယ်။ တစ်ချိန်ချိန်မှာ ကျွန်မ စင်ကာပူမှာ အလုပ်လာလုပ်ရမယ်ဆိုတာကို ကြိုတင်သိထားပေမဲ့ ကျွန်မ ဆယ်တန်း အောင်ပြီးတဲ့ နောက်မှာ ရန်ကုန်မှာ အလုပ်ရှာခဲ့ပါတယ်။ စင်ကာပူကို မလာခင် ကျွန်မရဲ့ အလုပ်ရှင်ဟာ ဘယ်သူဘယ်ဝါမှန်း မသိခင်ကတည်းက ကျွန်မနဲ့ အဆင်ပြေမဲ့ အလုပ်ရှင်နဲ့ တွေ့ရဖို့ နှစ်ပေါင်းများစွာ ကြိုတင် ဆုတောင်း ထားခဲ့ ပါတယ်။

နောက်တစ်ခါ ထပ်ပြီး အိမ်မက်ထဲမှာ ကျွန်မ စင်ကာပူ သွားရမယ် ဆိုတဲ့ အကြောင်း မြင်မက်ခဲ့ပါတယ်။ မကြာခင်မှာဘဲ ကျွန်မ စင်ကာပူကို တကယ် ထွက်လာခွင့်ရခဲ့ပါတယ်။ ပထမအကြိမ် ထွက်လာတုံးက အဆင်မပြေလို့ မြန်မာပြည်ကို ပြန်ခဲ့ရပေမဲ့ နောက်တစ်ခါ ထွက်လာတဲ့ အခါမှာ အရာရာ အားလုံးအဆင်ပြေပြီး ကျွန်မဟာ အေးဆေးသက်သာတဲ့ အလုပ်ကို အခု အချိန်မှာ လုပ်ကိုင်ခွင့် ရခဲ့တဲ့အတွက် ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။

ကျွန်မတို့ရဲ့ အသက်တာမှာ ဘုရားသခင်နဲ့ ဆက်လက်ပြီး လျှောက်လှမ်း အသက်ရှင်မယ်ဆိုရင် အောင်မြင်မှုတွေ ရလာမှာ ဧကန် ဖြစ်ပါတယ်။ စာဖတ်သူ အယောက်တိုင်း ဘုရားသခင်ထံမှ ပျော်ရွှင်ခြင်း ဝမ်းမြောက်ခြင်း တွေ ရရှိခံစားနိုင်ပါစေ။ ။

**Thin Thin (Rebekah)**

## အလိုတော်အတိုင်း (K.B.P)

ရှေးဦးစွာ ဘုရားသခင်ရဲ့ ဂုဏ်တော်ကို အထူးချီးမွမ်းပါတယ်။ ကျွန်မဟာ အလွန်ဆိုးတဲ့ သူတစ်ယောက်ပါ။ ကျွန်မ ဘဝမှာ ကောင်းကြီးမင်္ဂလာ များစွာ ခံစားရပါတယ်။ သို့သော် ဘုရားသခင်ကို ကျေးဇူးတင်ရမှန်းမသိ၊ ချီးမွမ်းရမှန်း မသိခဲ့ပါဘူး။ ကိုယ့်ရဲ့ အလိုအတိုင်း အသက်ရှင်တဲ့သူဖြစ်သလို၊ ကျွန်မရဲ့ ပျော်ရွှင်မှုကို ဘာနဲ့မှ မလဲတဲ့ သူပါ။ အခုတော့ ကျွန်မရဲ့ ပျော်ရွှင်မှုကို ဒေါ်လာ ၇၀ နဲ့ လဲခဲ့ရပါပြီ။ ကျွန်မ စင်ကာပူနိုင်ငံကို မထွက်လာခင်မှာ ကြီးမားသော စုံစမ်းနှောက်ယှက်မှုတစ်ခုနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ အခု မြန်မာနိုင်ငံမှာ ခေတ်စားနေတဲ့ ( ဘီ နဲ့ စီ ) ပိုးတွေကြောင့်ပါ။ အစ ကတည်းက ကျွန်မကို ဆေးစစ်ကြည့်တာ အားလုံး အိုကေ တဲ့အတွက် နိုင်ငံကူး လက်မှတ် စလုပ်ခဲ့ပါတယ်။ ကိစ္စတွေအားလုံး ပြီးသွားတော့ ဆရာမ တစ်ယောက်က ထပ်ပြီး ဆေးစစ်ခိုင်းတယ်။ စင်ကာပူမှာက ဘာရောဂါမှ အဝင်မခံဘူး၊ ဟိုရောက်လို့ ရောဂါ တစ်ခုခုတွေ့ရင် ချက်ခြင်း ရွာပြန်ရမှာ။ အဲဒါ သေချာအောင် ဆေးခန်းမှာ သွားစစ်ဖို့ အကြံပေးပါတယ်။



သွားစစ်လိုက်တော့ ကျွန်မ တစ်ယောက်တည်း ဘီ ပိုးရှိနေပါတယ်။ ရင်ထဲမှာ စိုးရိမ် ပူပန်မှုများစွာနဲ့ ဘာမှ ပြောမထွက်တော့ပါ။ ဒီတစ်ခါတော့ ကျွန်မ သေပြီ၊ အကြွေးတွေ ဘယ်လို ပြန်ဆပ်ရမှာလဲ။ အဲဒီတော့ ကျွန်မ ဆရာဝန်နဲ့ပြပြီး ဆေးကုမယ်၊ ရောဂါပျောက်ရင် နိုင်ငံခြားထွက်မယ်လို့တွေးပြီး ဆရာဝန်နဲ့ သွားတွေ့တဲ့အခါ ဆရာဝန်က ဒီရောဂါဟာ လူတိုင်းလိုလိုမှာ ရှိတယ်။ ဆေးတော့ မရှိသေးဘူး။။ နာတာရှည်ရောဂါလို စိတ်ရှည်ရှည်နဲ့ ကုရတဲ့ ရောဂါတစ်ခုလို့ပြောတော့ ကျွန်မက ထုံးစံအတိုင်း အရမ်း ဒေါသထွက်ပြီး ဆရာဝန်ကို ပြန်ပြောလိုက်ပါတယ်။ "ရောဂါ ရှိရင် ဆေး ရှိရမယ်လေ၊ ရောဂါ နာမည်တော့ သိတယ်။ ရောဂါပျောက်မဲ့ ဆေးမရှိဘူးလား၊ ဒီလိုဆိုရင် ကျွန်မ သေရတော့မှာပေ့ါ" လို့ ဆရာဝန် မျက်နှာကို သေသေချာချာ ကြည့်ပြီး ပြောလိုက်ပါတယ်။ ဆရာဝန်က ကျွန်မကို ဘာမှ ပြန်မပြောတော့ပါဘူး။

ဆရာဝန် လက်မှတ်ထိုးပေးထားတဲ့ ကျွန်မရဲ့ ဆေးလက်မှတ်ကို ယူပြီး အိမ်ပြန်လာခဲ့ပါတယ်။ အိမ်ရောက်တော့ ကျွန်မကို ချစ်တဲ့ ဒေါ်လေးက မျက်နှာ မကောင်းတဲ့ ကျွန်မကို ဘာဖြစ်လာတာလဲလို့မေးပါတယ်။ ကျွန်မ ဘာမှ ပြန်မပြောနိုင်တော့ဘဲ ဆေးလက်မှတ်ကိုသာ အဒေါ့်လက်ထဲ ထည့်လိုက်ပါတယ်။ အဒေါ်လဲ ဝမ်းနည်းပူပန်ရတော့တာပေ့ါ။ ကျွန်မ အစာလဲ မစားချင်တော့ဘူး။ အဒေါ်က ဘုရားသခင် အားလုံးပြင်ဆင်ပေးပါလိမ့်မယ်။ စင်ကာပူ မသွားရရင်လဲ ရန်ကုန်မှာ အလုပ်ရှာပြီး အကြွေးပြန်ဆပ်ကြတာပေ့ါလို့ အားပေးရှာပါတယ်။ ဒါနဲ့ မနက်မိုးလင်းတဲ့အခါ ဆေးကုပေးနိုင်မဲ့ ဆရာဝန်ကို လိုက်ရှာရပါတယ်။ ရန်ကုန်မြို့ပေါ်မှာကတော့ နာမည်ကြီးတဲ့ ဆရာဝန်တွေ ကုန်သလောက် ကျွန်မ ပြပြီးသွားပါပြီ။

နောက်ဆုံး မှော်ဘီမှာ ရှိတဲ့ ဆရာတစ်ယောက် ကုနိုင်တယ် ဆိုတဲ့ သတင်းရတာနဲ့ ကျွန်မရဲ့ မောင်လေးကိုခေါ်ပြီး မှော်ဘီအထိ သွားခဲ့ပါတယ်။ ဆရာနဲ့လဲ တွေ့ခဲ့ပါတယ်။ သောက်ရမဲ့ ဆေးက ဈေးကြီးပေမဲ့ တစ်ပါတ်နဲ့ ပျောက်မယ်လို့ အာမခံပါတယ်။ ဆေးသောက်တာ ရက်သာ ပြည့်သွားတယ် ကျွန်မ ရောဂါ မပျောက်ခဲ့ပါဘူး။ နောက်ထပ် ရက်ချိန်းတစ်ခါ ဆေးကုပြန်ပါတယ် မပျောက်ပါဘူး။ ဆေးက ဈေးအရမ်းကြီးတဲ့အတွက် သုံးခါပြည့်လို့မှ မပျောက်ရင် ဒီဆရာနဲ့ ငါ ကောင်းကောင်းတွေ့မယ်လို့ ကျွန်မ ဒေါသနဲ့ ကြိမ်းဝါး လိုက်ပါတယ်။

ကျွန်မ တစ်ယောက်တည်း ဝေဒနာကို ကြိတ်ခံစားနေရပါတယ်။ ဆရာက ရန်မကု ရဲ့တော့ဘဲ လမ်း၃၀ မှာ ဆေးသွားထပ်စစ်ခိုင်းပါတယ်။ ပိုး အကောင် အရေအတွက် သိမှ ဆေးစပ်ဖို့ လွယ်ကူမှာ လို့ပြောပါတယ်။ ကျွန်မ ဆေးသွားထပ်စစ်တော့ ပိုး အရေအတွက် ၁၅၀၀ ရှိတယ်လို့ ပြောပါတယ်။ မျက်ရည် တစ်ခါမှ မကျဖူးတဲ့ ကျွန်မဟာ မျက်ရည်တွေကျပြီး ငိုကြွေးခဲ့ရပါတယ်။ အိမ်ပြန်ရောက်တဲ့အခါမှာ အလုပ်ရှာပေးတဲ့ အန်တီက ပတ်စ်ပို့ စာအုပ်နဲ့ လိုအပ်တဲ့ စာရွက်စာတမ်းတွေ ယူလာပြီး မနက်ဖြန် မနက် ၁၀နာရီ လေဆိပ်ဆင်းဖို့ ဖုန်းဆက်လာပါတယ်။ ရောဂါရှိနေတဲ့အတွက် ကျွန်မ စင်ကာပူ မသွားနိုင်တော့ဘူး ဆိုပြီး ငိုတဲ့အခါ အဒေါ်က ကျမ်းစာထဲ မှာ ဘုရားသခင် မတတ်နိုင်တာ မရှိဘူး၊ အရာအားလုံး ဘုရားသခင်လက်ထဲ အပ်နှံပါလို့ဆိုပြီး ဆုတောင်းပေးပါတယ်။

နောက်ဆုံးတော့ ဘာဘဲဖြစ်ဖြစ် စင်ကာပူ သွားမယ်လို့ ဘုရားကို အားကိုး ယုံကြည်ခြင်းနဲ့ ဆုံးဖြတ်လိုက်ပါတယ်။ အဒေါ်ကလဲ လေယာဥ် ပိုက်ဆံ သွားချေးပါတယ်။ အဲဒီညမှာ ကျွန်မရဲ့ အသက်တာမှာ သိလျှက်နှင့် လုပ်ခဲ့မိတဲ့ အပြစ်၊ မသိဘဲ ပြုခဲ့မိတဲ့ အပြစ်တွေ အားလုံးကို တန်းစီ စွန့်ပစ် ဝန်ချပြီး ကောင်းကြီး ခံစားရဖို့နဲ့ ဒီအမှုကိစ္စ အဆင်ပြေပြေ ရှေ့ဆက်ရမဲ့ အသက်တာမှာ ဘုရားသခင်ရဲ့ အလိုတော် အတိုင်းဘဲ အသက်ရှင်ပါတော့ မယ်လို့ ဘုရားသခင်နဲ့ အပေးအယူလုပ်ခဲ့ပါတယ်။

နောက်နေ့မနက်မှာ အလုပ်ရှာပေးတဲ့ အန်တီက စာရွက် စာတမ်း တွေ အားလုံး အဆင်သင့်ဖြစ်နေပြီး ဖြစ်ကြောင်း အသိပေးပါတယ်။ ဆေး သုတေသန ဘက်ကို ရောက်တဲ့ အခါမှာ ကျွန်မ ရောဂါကို နောက်ဆုံး ဆေး စစ်ဖို့ ဝိုင်းပြောကြတဲ့အတွက် ဆေးထပ်စစ်ကြည့်ပါတယ်။ ဆေးမစစ်ခင်မှာ ကျွန်မ ဘယ်လို ဆုတောင်းသလဲ ဆိုတော့ “ အဖဘုရားသခင် ကျွန်မ သွေးထဲမှာ ရောဂါပိုး ရှိတယ်ဆိုတာ ကျွန်မ သိပါတယ်။ အခု သွေးစစ်နေချိန် မှာ ကျွန်မရဲ့ သွေးတွေ ဆေးပိုက်ထဲ မဝင်ခင်မှာ ကျွန်မ သွေးထဲမှာ ရှိနေတဲ့ ရောဂါပိုးတွေကို ကိုယ်တော့် တန်ခိုးနဲ့ ထုတ်ပေးပါ၊ အာမင်” လို့ ဆုတောင်းခဲ့ပါတယ်။ နောက်တော့ အပြင်ထွက်ပြီး လုပ်စရာ ရှိတာတွေ လုပ်ထား လိုက်ပါတယ်။

ကျွန်မ ယုံကြည်ထားတဲ့အတိုင်းပါဘဲ၊ ဆေးစစ်တဲ့ အဖြေက ကျွန်မ ရဲ့ သွေးထဲမှာ ဘာရောဂါမှ မရှိတော့ဘူးတဲ့။ ဝမ်းသာလိုက်တာ။ ကျွန်မလို ဘာမှ မဟုတ်တဲ့ လူတစ်ယောက်ကို ကိုယ်တော် ဘုရားသခင်က နားညောင်း အဖြေပေး ကောင်းကြီးချပေးခဲ့ပါတယ်။ ဝမ်းသာလွန်းလို့ မျက်ရည် တောက် တောက် ကျခဲ့ရပါတယ်။ ကျွန်မရဲ့ အစ်မနဲ့ အဒေါ်ပါ ကျွန်မအတွက် ဝိုင်းပျော်ပေးခဲ့ကြပါတယ်။ အိမ်ပြန်ရောက်တဲ့အခါမှာ ကျွန်မ အဒေါ်က ဘုရားသခင်ကို ကျေးဇူးတော် ချီးမွမ်းဖို့ပြောပါတယ်။ ဒီတစ်ခါ ကျွန်မ မငြင်းတော့ပါဘူး။ အရင်တုံးကဆိုရင် ဘုရားရှိခိုးတဲ့အခါတိုင်း မြန်မြန် ရှိခိုးဖို့ ကျွန်မ ဆော်သြလေ့ ရှိပါတယ်။ တစ်ခါတစ်ခါ သူတို့ ရှိခိုးလို့ မပြီးခင် ကျွန်မ အိပ်ပျော်သွားတတ်ပါတယ်။

အဲဒီလို ဆိုးတဲ့ ကျွန်မ ပြောင်းလဲဖို့ အမိုး ၊ အဖွားနဲ့ အဒေါ်တွေက ဝိုင်းဝန်းဆုံးမပေမဲ့ ကျွန်မ မပြောင်းလဲခဲ့ပါဘူး။ ဒါပေမဲ့ အခု ဒီအဖြစ်အပျက် အတွေ့အကြုံအားဖြင့် ဘယ်တရားဟော ဆရာကမှ တရားမဟော မသွန်သင်ရပါဘဲ၊ ကျွန်မ ကိုယ်တိုင် ဘုရားရှင်ကို ယုံယုံကြည်ကြည် အကြွင်းမဲ့ အားကိုးတတ်၊ ဝတ်ပြုကိုးကွယ်တတ်၊ ဆုတောင်းတတ်လာခဲ့ပါတယ်။ အဲဒီလို ပြောင်းလဲလာတဲ့ ကျွန်မကို ကြည့်ပြီး မိသားစုအားလုံး ပျော်နေကြပါတယ်။

အခု ကျွန်မ စင်ကာပူကို ဘုရားသခင်ရဲ့ ကျေးဇူးတော် သက်သက်နဲ့ ရောက်ရှိလာခဲ့ပါပြီ။ အလုပ် အရမ်း ပင်ပန်းပေမဲ့ မနက်ကစပြီး နေဝင်မိုးချုပ် အိပ်ယာဝင်တဲ့အထိ ဘုရားသခင်ကို မမေ့တော့ပါဘူး။ စင်ကာပူ ရောက်တာ တစ်နှစ်ခွဲ ရှိနေပါပြီ၊ အပြင်ထွက်ခွင့် မရသေးပါဘူး။ ဘုရား ကျောင်း အရမ်းသွားချင်ပေမဲ့ မသွားရသေးဘူး။ ဘာဘဲဖြစ်ဖြစ် စင်ကာပူ နိုင်ငံက မထွက်သွားရခင်မှာ စင်ကာပူရောက် မြန်မာတိုင်းရင်းသား ယုံကြည် သူတွေနဲ့ မိတ်သဟာယဖွဲ့ပြီး ဘုရားသခင်ကို အတူတကွ ဝတ်ပြုကိုးကွယ် ချီးမွမ်း ချင်ပါသေးတယ်။

အဲဒီ အခွင့်အရေးရဖို့ ဘုရားသခင်ဆီမှာ ကျွန်မ ဆုတောင်းနေဆဲ ပါဘဲ။ စာဖတ်သူ မိတ်ဆွေများနဲ့ ကျွန်မ တစ်ယောက်နဲ့ တစ်ယောက် မသိ မမြင် ဖူးကြပေမဲ့ ဒီ သခင့်စကား ဓိညာဉ်ရေးရာစာစောင်လေးအားဖြင့် သိခွင့် ရတဲ့အတွက် ကျေးဇူးတော်ချီးမွမ်းပါတယ်။ ဆုတောင်းခြင်းဖြင့် ဆက်လက် သတိရ နေစေချင်ပါတယ်။ ဘယ်နေရာ ရောက်ရောက် ဘာဘဲလုပ်လုပ် ဘုရားသခင်ကို အမြဲ ဦးထိပ်ထားပြီး အသက်ရှင်ဖို့ ခွန်အားပေးလိုက်ပါတယ်။ ကျွန်မ အသက်တာရဲ့ လက်ကိုင် ဆောင်ပုဒ်လေး ကတော့ ...

စိတ်ညစ်ရင်လဲ သမ္မာကျမ်း၊ သောကရောက်ရင်လဲ သမ္မာကျမ်း
ဒုက္ခရောက်ရင်လဲ သမ္မာကျမ်း နှစ်သိမ့်မဲ့ သု ဆာလံကျမ်း ။

ကျွန်မလိုဘဲ ဆာလံကျမ်းကို ဖတ်ပြီး ခွန်အားယူနိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။ အယောက်စီတိုင်းကို ဘုရားသခင်ကောင်းကြီးပေးပါစေ။

အမှုတော်မြတ်၌ **( K.B.P )**

( ဝန်ခံချက်။ ။ ကျွန်မရဲ့ အကောင်းဆုံး **B** ပိုးဆေးနဲ့ သမားတော် ကြီးဟာ ဘုရားသခင်သာ ဖြစ်ပါတယ်။)

---

## အတုနဲ့ အစစ်(သို့ )ပေါချောင်ကောင်း (နှင်းမေ)

ကျွန်မရဲ့ အသက်တာမှာ ဘယ်လိုမှ မေ့လို့မရတဲ့ အဖြစ်အပျက် လေး တစ်ခုကို ရေးပြသက်သေခံချင်ပါတယ်။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ကျွန်မ စင်ကာပူမှာ အလုပ်လုပ်နေရင်း ကျွန်မနဲ့ အိမ်နီးချင်း ဖြစ်တဲ့ ဖိလစ်ပိုင်မ တစ်ယောက်နဲ့ ခင်မင်ရင်းနှီးသွားကြပါတယ်။ ခင်ပြီးလို့ သုံးလအ ကြာမှာ ဖိလစ်ပိုင်မ က ကျွန်မကို ရွှေထည်ပစ္စည်းတွေ လာရောင်းပါတယ်။ သူက ရွှေဆိုင်မှာ အလုပ်လုပ်တယ်။ သူ့ သူဌေးက ရွှေဆိုင်ပိုင်ရှင် ဖြစ်ပြီး၊ သူ့ဆိုင်မှာ သူများတွေ လာပေါင်ထားလို့ အပေါင်ဆုံး သွားတဲ့ ရွှေထည်တွေ ကို လျှော့ဈေးနဲ့ ရောင်းတယ်ဆိုပြီး ကျွန်မကို ပုံစံအမျိုးမျိုးနဲ့ ရွှေထည်တွေ လာလာ ပြပါတယ်။

သူဟာ ဘယ်လောက်အထိ ကျွန်မကို ယုတ္တိရှိရှိ လိမ်သလဲဆိုရင် သူ ယူလာပြတဲ့ ရွှေထည်တိုင်းမှာ ငွေရှင်းထားတဲ့ ဘောက်ချာ စာရွက်တွေပါ ပါအောင် ယူလာပြပါတယ်။ ရွှေတွေ လာရောင်းတိုင်း ဘောက်ချာစာရွက် အမြဲ ပါပါတယ်။ ကျွန်မကလဲ သူလိမ်တာကို အဟုတ်ကြီးမှတ်လို့ပေါ့။ အဲဒီလို ပေါချောင်ကောင်းကို ယုံလိုက်မိလို့ ကျွန်မ ဘဝမှာ သင်ခန်းစာတွေ အများ ကြီး ရလိုက်တဲ့အပြင် ငွေရေးကြေးရေး ဆုံးရှုံးမှုတွေ၊ လူမှုရေး၊ ဂုဏ်သိက္ခာ ကျဆင်းမှုတွေအပြင် ပတ်ဝန်းကျင် အသိုင်းအဝိုင်းအလယ်မှာ လူလိမ် လူညာ ဆိုတဲ့ နာမည်ပျက် ဘဝကို ရောက်သွားခဲ့ရပါတယ်။

ဖိလစ်ပိုင်မ လာရောင်းတဲ့ ရွှေတွေဟာ လက်ရာ အရမ်းကောင်းပြီး အရည် အသွေး အရမ်းကောင်းတဲ့အပြင် သိပ်ပြီးတော့လဲ လှပါတယ်။ အတု လို့ ဘယ်လိုမှ မထင်ရအောင် လက်ရာက သေသပ်လွန်းသလို ဘောက်ချာ ထဲမှာ ရေးထားတဲ့ စင်ကာပူ ဒေါ်လာ ၃၀၀ ကျော်တန်ကို သူက ဒေါ်လာ ၁၈၀ လောက်နဲ့ လျှော့ရောင်းပြီး၊ ၂၀၀ တန်ကို ၁၀၀လောက်နဲ့ လျှော့ ရောင်းပါတယ်။ အပေါ်ယံ တွေးမိရင် အရမ်းတန်တယ်။ ဒါဟာ အချောင် ရတာဘဲ၊ ပွတာဘဲလို့ ကျွန်မ တွေးလိုက်မိပါတယ်။ အပြင်ဆိုင်မှာ သွားဝယ် ရင် ဈေးအများကြီးပေးရမယ်။ သူ့ဆီမှာ ဝယ်ရင် ဈေးပေါပေါနဲ့ အလွယ်တကူ ရတယ်ဆိုပြီး ကျွန်မ ဝယ်လိုက်ပါတယ်။ အဲဒီအပြင် ကျွန်မရဲ့ မြန်မာ သူငယ်ချင်း နှစ်ယောက်ကိုလဲ “ရွှေထည်ပစ္စည်းတွေ ဈေးပေါပေါနဲ့ ရတယ်။ ရွှေအစစ်ကို ပေါချောင်ကောင်းနဲ့ ရတယ်။ အရမ်းတန်တယ်။ ဝယ်မလား၊ ဝယ်မယ်ဆို လာပြမယ်၊ ကြိုက်မှယူ” ဆိုတဲ့ သတင်းကောင်းကို ကျွန်မဟာ တကယ့်စေတနာ အရင်းခံနဲ့ ကောင်းတာကို ကိုယ့်လူမျိုး အချင်းချင်း၊ သူငယ်ချင်း အချင်းချင်း ရစေချင်တဲ့ သဘောနဲ့ ပြောပြမိခဲ့ပါတယ်။

အဲဒါနဲ့ သူငယ်ချင်းနှစ်ယောက်လဲ ရွှေကို ဝိုင်းကြည့်ကြပြီး ကြိုက်တာနဲ့ တစ်ယောက်က ဟန်းချိန်း တစ်ခု၊ နောက်တစ်ယောက် က ဆွဲကြိုး တစ်ကုံး ကြတယ်လေ။ ကျွန်မ ကတော့ ဖိလစ်ပိုင်မ ဆီက ရွှေကို အားလုံးပေါင်း စင်ကာပူ ဒေါ်လာ ၁၄၀၀ကျော်ဖိုး ဝယ်မိသွားပါတယ်။ အားလုံး တစ်ပြိုင်နက်တဲ ဝယ်တာတော့ မဟုတ်ဘူး။ တစ်လကို နည်းနည်း တစ်ခုစီ၊ နှစ်ခုစီ အဆင်ပြေသလို ဝယ်တာဖြစ်ပါတယ်။ နောက်ပြီး ကျွန်မ အချစ်ဆုံး သူရဲ့ မွေးနေ့ အတွက် မွေးနေ့လက်ဆောင် ဆိုပြီး သူ့အတွက် ဆွဲကြိုးတစ်ကုံးနဲ့ သူ့အမေအတွက် လက်ကောက် တစ်ကွင်း ကို လက်ဆောင် အဖြစ် ဝယ်ပေးခဲ့ပါတယ်။

တကယ်တော့ ကျွန်မက စေတနာ သန့်သန့်နဲ့ပါ၊ အရမ်းပေးချင်တဲ့ အရင်းခံ စေတနာနဲ့ပါ။ ဖိလစ်ပိုင်မရဲ့ ရွှေတွေကို အတုမှန်း ကျွန်မလဲ မသိဘူး လေ။ နောက်ဆုံးမှာတော့ ကျွန်မရဲ့ စေတနာတွေ အကုန်လုံး ဝေဒနာ

ဖြစ်ခဲ့ရပါတယ်။ ရွှေအတုကို အစစ်လို့ ပြောပြီး သူ့ကို လိမ်ညာပြီး မွေးနေ့လက်ဆောင် ပေးသွားတယ်လို့ အထင်လွဲသွားတဲ့ ကျွန်မရဲ့ ချစ်သူက ကျွန်မကို လူလိမ် လူညာလို့ ကင်ပွန်းတပ်ခဲ့ပါတယ်။ ကျွန်မ ရင်ထဲမှာ အရမ်းကြေကွဲခဲ့ပါတယ်။ တကယ်လို့ ရွှေ အတုမှန်း သိရင် ကျွန်မ နာမည်အပျက်ခံပြီး ဘယ်ပေးပါ့မလဲရှင်။ ဒါပေမဲ့ အားလုံး ဖြစ်ပြီးသွားပြီဘဲ၊ ဘာတတ်နိုင်အုံးမှာလဲ။ လောကမှာ မကြုံစည်ဘဲနဲ့လဲ ဖြစ်ရတယ်။ ကြံစည်ထားပါလျှက်နဲ့လဲ ပျက်ရတတ်တာဘဲ မဟုတ်လား။ ထင်တာ မဖြစ်၊ မထင်တာ ဖြစ်တတ်တဲ့ လောက နိယာမ သဘောကို သတိချပ်ရမယ် မဟုတ်လား။

တကယ်တန်း အလိမ်ခံရတာက ကျွန်မပါ။ ကျွန်မ ဝယ်ထားတဲ့ ရွှေတွေ အားလုံး အတုတွေဆိုတာ တစ်နှစ်လောက်နေမှ သိခဲ့ရပါတယ်။ အဲဒီလို သိသိချင်းမှာ ကျွန်မဟာ အရမ်းဘဲ ဒေါသဖြစ်ပြီး ရူးမတတ်ဖြစ်ခဲ့ရပါတယ်။ ကာလပေါက်ဈေး စင်ကာပူ ဒေါ်လာ ၁၄၀၀ အပြင် အချစ်ဆုံးသူရဲ့ အထင်လွဲခြင်း၊ သူငယ်ချင်းတွေရဲ့ မုန်းတီးခြင်းကိုပါ ခံခဲ့ရပါတယ်။ အရာတော်တော် များများကို ကျွန်မ ဆုံးရှုံးခဲ့ရပါတယ်။ ဩော်–စင်ကာပူမှာ ဒီလို အဖြစ်အပျက်မျိုး ဒီလို လူလိမ်မျိုး ရှိနေပါလားဆိုပြီး ကျွန်မ တော်တော်တရား ရသွားပါတယ်။ သင်ခန်းစာတွေလဲ အများကြီးရသွားပါတယ်။

ပိုက်ဆံ ဆုံးရှုံးသွားတာကို နှမြောတာထက် ပြန်မရနိုင်တော့တဲ့ ချစ်ခြင်း မေတ္တာတွေ၊ လေးစားမှုတွေ ၊ ခင်မင်မှုတွေ အတွက် နှမြောတသ ယူကြုံးမရ ဖြစ်ခဲ့ရပါတယ်။

အဲဒီ ကိစ္စအတွက် ကျွန်မ ခံစားနေရပါတာဟာ အခုအချိန်ထိပါဘဲ။ အထင်လွဲမှုကို ရှင်းပြချင်ပေမဲ့ အခွင့်အရေး မရခဲ့ပါဘူး။ ယုံကြမှာလဲ မဟုတ်ဘူး။ ခါးသီးတဲ့ စကားတွေကိုဘဲ ကြားနေရပါတယ်။ ကြားနိုင်စွမ်း မရှိတော့ဘူး။ ကျွန်မ စိတ်ဓါတ်တွေ အဲဒီလောက်ထိ အောက်တန်း မကျဘူး။ မညံ့ဖျင်းဘူးလို့ ရှင်းပြချင်ပေမဲ့ အရာ မထင်ခဲ့ဘူး။

အခု အချိန်မှာတော့ ကျွန်မလေ အရာအားလုံးကို တရားနဲ့ဘဲ ဖြေလိုက်ပါတယ်။ ကျွန်မကို ရွှေအတုတွေ လိမ်ရောင်းသွားတဲ့ ဖိလစ်ပိုင်မကိုလဲ အပြစ် မတင်တော့ပါဘူး။ မေတ္တာဘဲ ပို့ပေးလိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ အသုံးမကျလို့ ဒီလိုဖြစ်ရတာဆိုပြီး ကိုယ့်ကိုယ်ကိုဘဲ အပြစ်တင်မိပါတယ်။ ကျွန်မက အရမ်း ယုံလွယ်တာကိုး၊ သူများ ဘာပြောပြော ယုံလွယ်တဲ့သူ ဆိုတော့ ခံရတာပေါ့။ ကျွန်မ အဲဒီ ရွှေအတုတွေ အကုန်လုံးကို သိမ်းထားတယ်။ ဖိလစ်ပိုင်မနဲ့ ပြန်တွေ့ရင် ပြန်ပေးမလို့ပါ။ ဒါပေမဲ့ ဘယ်လိုပြန်တွေ့နိုင်ပါ့မလဲ။ သူလဲ မြိုးမြိုးမြက်မြက်ကလေး စားလိုက်ရတော့ ရှောင်ပြေးသွားပြီပေါ့။

အဲဒီ အဖြစ်အပျက်တွေ ဖြစ်ပြီးတဲ့နောက်ပိုင်းမှာ ကျွန်မ စိတ်ဓါတ် အရမ်းကျသွားပြီး အားငယ်စိတ်တွေလဲ ဝင်လာခဲ့တယ်။ ဘယ်သူနဲ့မှ စကားမပြောချင်တော့သလို၊ ဘယ်သူနဲ့ မှလဲ မခင်ချင်တော့ဘူး။ ဘယ်သူနဲ့ မှလဲ အသိ မိတ်ဆွေ မဖွဲ့ချင်တော့ဘူး။ ကျွန်မ တစ်ယောက်တည်း ရှိနေတဲ့ အခါတိုင်း ကျမ်းစာကိုဘဲ ပိုဖတ်ဖြစ် လာခဲ့ပါတယ်။ အဖဘုရားသခင် နဲ့ စကားပြောတယ်။ ကျွန်မ ခံစားနေရတာတွေကို ပြောပြတယ်။ ကျွန်မရဲ့ အခက်အခဲတွေကို ပြောပြတယ်။ ကျွန်မအပေါ် အထင်လွဲနေတဲ့ သူတွေကိုလဲ မေတ္တာပို့ပေးတယ်။ ကျွန်မကို လိမ်ညာသွားတဲ့ သူကိုလဲ မေတ္တာပို့ ဆုတောင်းပေးပါတယ်။

အဖဘုရားသခင်က ကျွန်မကို ဘာပြောသလဲဆိုတော့ ...

**(မဿဲ ၁၁း၂၈) ဝန်လေး၍ ပင်ပန်းသော သူအပေါင်းတို့ ငါ့ထံသို့ လာကြလော့။ ငါသည် ချမ်းသာပေးမည်** တဲ့။ အဲဒီ ကျမ်းချက်လေးနဲ့ ခွန်အားယူခိုင်းတယ်။ ပြီးတော့ ဘယ်သူတွေ ဘာဘဲပြောပြော စိတ်မဆိုးနဲ့ ၊ စိတ်မနာနဲ့ ၊ စိတ်မခုနဲ့တဲ့။ အရာ အားလုံးကို နားလည်လိုက်ပါ၊ သည်းခံလိုက်ပါ၊ ခွင့်လွှတ်လိုက်ပါ။ ပေးဆပ် လိုက်ပါ၊ မေတ္တာထားလိုက်ပါတဲ့။ မေတ္တာဆိုတာ ခွင့်လွှတ်ခြင်းဘဲ လို့ယုံကြည် လိုက်ပါတဲ့။

ကျွန်မ ဒီသက်သေခံချက်လေးနဲ့ ခွန်အားပေးရင်း သတိပေးချင်တာကတော့ ဘယ်အရာမဆို သတိထားဖို့ ၊ အယုံ မလွယ်ဖို့၊ ပေါချောင်ကောင်း မလိုက်ဖို့ သတိပေး ရေးသားရင်း လောကရဲ့ မကုန်ခမ်းနိုင်တဲ့ ရှုပ်ထွေးပွေလီလှတဲ့ ပြဿနာတွေကြားထဲမှာ နေထိုင်းရင်၊ အချင်းချင်း မာနမထားဖို့၊ မလိမ်လည် မကောက်ကျစ်ဖို့ သတိပေးလိုပါတယ်။ အရာရာ အားလုံးကို ဘုရားသခင်သာ တတ်နိုင်ပါတယ်။ ဒီသက်သေခံချက်လေးကို ဖတ်မိတဲ့ ကျွန်မရဲ့ အချစ်ဆုံး သူငယ်ချင်းနှစ်ယောက်လဲ ကျွန်မအပေါ် နားလည် ခွင့်လွှတ်နိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။ ဘုရားသခင်၏ ချစ်ခြင်း မေတ္တာတော်သည် သင်တို့နှင့် အတူရှိပါစေ။ ။

ကျေးဇူးတင်လျှက် ... **ရှို့စ်မေရီ ( နယ်လီဇော် )**

---

## ဘဝ အလှ နဲ့ အဖ ( သမီးငယ်တစ်ဦး )



ရှေးဦးစွာ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကို အထူးဘဲ ချီးမွမ်းမိပါတယ်။ "ဘဝ၊ အလှ နဲ့ အဖ " ဆိုတဲ့ ခေါင်းစဉ်လေးနဲ့ ကျွန်မ သက်သေခံဝေမျှ ပါရစေ။ ကျွန်မတို့ရဲ့ ဘဝဟာ ခရစ်တော် မပါရင် သာယာမှု မရှိသလို လှပမှုလဲ မရှိနိုင်ပါဘူး။ ဒါ့ကြောင့် ကျွန်တို့ရဲ့ ဘဝ သာယာလှပဖို့ ခရစ်တော်ဆီမှာ ဆုတောင်းခြင်း နှုတ်ကပါတ်တော် ဖတ်ရွတ်လေ့လာခြင်းကို အစဉ် ပြုဖို့ လိုအပ်ပါတယ်။

ကျွန်မရဲ့ အကြောင်းကို သက်သေခံပါရစေ။ ကျွန်မတို့ မောင်နှမ ၇ယောက်ကို ပညာတတ် ဘွဲ့ရ တွေဖြစ်အောင် ပြုစုပျိုးထောင်ပေးခဲ့တဲ့ မိဘနှစ်ပါးကို အထူးဘဲ ကျေးဇူးတင်သလို၊ မိဘနှစ်ပါးကိုပေးခဲ့တဲ့ ဘုရားသခင်ကို အထူးဘဲ ကျေးဇူးတင်မိပါတယ်။ အခု ကျွန်မတို့ မောင်နှမတွေ သူ့နေရာနဲ့သူ တာဝန် ထမ်းဆောင်နေကြပါပြီ။ အချို့လည်း အိမ်ထောင်ကျသွားသလို၊ အချို့ မကျသေးပါ။ အစိုးရ ဝန်ထမ်းရှိသလို သာသနာ့ဝန်ထမ်းလဲ ရှိပါတယ်။ အဲဒီ အထဲမှာမှ ကျွန်မက စင်ကာပူမှာ လာပြီး အလုပ်လုပ်နေရပါတယ်။ စင်ကာပူကို လာဖို့ ကျွန်မ အစွမ်းအစနဲ့ဆို လုံးဝ မလွယ်ပါဘူး။ ဘုရားသခင်ရဲ့ လမ်းဖွင့်ပေးခြင်းကြောင့်သာ ရောက်လာနိုင်တယ်လို့ ကျွန်မ ယုံကြည်ပါတယ်။

ကျွန်မတို့ စင်ကာပူမှာ အိမ် အလုပ် လာလုပ်လို့ ပတ်ဝန်းကျင်ရဲ့ အမျိုးမျိုးသော ပြောဆို ဝေဖန်မှုတွေကို ခံရပါတယ်။ ဒီ့အပြင် အိမ်ရှင်များရဲ့ ဆူပူ ကြိမ်းမောင်းမှုကိုလဲ ခံရပါတယ်။ အစပိုင်းတုံးက ကျွန်မ အရမ်း စိတ်ပျက်မိပါတယ်။ ဒါပေမဲ့ အခု အကောင်းဘက်က တွေးပြီး မိမိ ဘဝ တိုးတက်ဖို့ အတွက် ခရစ်တော်ဘုရားရဲ့ ခွန်အားနဲ့ ရှေ့ဆက်သွားနိုင်ဖို့ ဆုံးဖြတ်ထား ပါတယ်။

ပိုပြီး ကျေးဇူးတော် ချီးမွမ်းမိတာက စင်ကာပူမှာ ယုဒသန် နှစ်ခြင်းအသင်းတော်၊ ပိုးကရင်၊ စကောကရင်၊ ကချင်၊ ချင်း စတဲ့ တိုင်းရင်းသားပေါင်းစုံရဲ့ အသင်းတော်တွေနဲ့ ဂိုဏ်းဂန ပေါင်းစုံက သာသနာ့ ခေါင်းဆောင်ကြီးတွေ ရှိနေတဲ့အတွက် ဝမ်းသာအားရ ဖြစ်မိပါတယ်။ ကျွန်မ အရမ်း ပျော်ပါတယ်။ ယုဒသန် အသင်းတော်ကြီးကို နှစ်ကြိမ် သွားခွင့်ရခဲ့ပါတယ်။ အဖ သင်းအုပ်ဆရာရဲ့ တရားဒေသနာကိုလဲ ကြားနာခွင့် ရခဲ့ပါတယ်။ ကိုယ့်တိုင်းရင်းသား မြန်မာလူမျိုးများနဲ့လဲ တွေ့ဆုံ မိတ်သဟာယ ဖွဲ့ခွင့် ရခဲ့ပါတယ်။

ကျွန်မ ဘုရားကျောင်းထဲကို စဝင်လိုက်တော့ အေးမြတဲ့ အတွေ့အထိကို ခံစားရပါတယ်။ ( လေအေးစက် ဖွင့်ထား၍ ခန္ဓာကိုယ် အေးမြခြင်း မဟုတ်ပါ၊ နှလုံးသား ငြိမ်းအေးချမ်းသာခြင်းကို ဆိုလိုပါသည်) ကျွန်မ ဘာကို အထူး သတိထားမိ လိုက်သလဲဆိုရင် အသင်းတော်ရဲ့ ထိပ်က ကွာယာသံစုံ ခုံတန်းလေးဘဲဖြစ်ပါတယ်။ မြန်မာပြည်က ရွာမှာ ဆိုရင် ကျွန်မရဲ့ မိခင် အသင်းတော် ကွာယာသံစုံအဖွဲ့မှာ ကျွန်မ မပါရင် မပြီးသလောက် အမြဲအသံကို ဆက်ကပ်သီဆိုခွင့် ရခဲ့ပါတယ်။ စင်ကာပူ ယုဒသန် အသင်းတော်မှာ

ကွာယာသံစုံနဲ့ သင်းအုပ်ဆရာ ဆရာကတော်နဲ့ ယုံကြည်သူ ညီအစ်ကို မောင်နှမတွေ အပါတ်စဉ် မိမိတို့ရဲ့ အသံကို ဆက်ကပ်သီဆိုတာကို မြင်ရတော့ ကျွန်မ စိတ်ထဲမှာ ကွာယာ အရမ်းဆိုချင်လာမိခဲ့ပါတယ်။ ပြီးတော့ ရွာက သင်းအုပ်ဆရာနဲ့ မိသားစုကိုပါ သွားပြီး မြင်ယောင် မိခဲ့ပါတယ်။ ကျွန်မတို့ကို အသင်းတော်နဲ့ မဝေးသွားအောင် ပြင်ဆင်ထားပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ စင်ကာပူက အလုပ်ရှင်များကိုလဲ တစ်လမှာ တစ်ကြိမ် ကျွန်မတို့ကို အပြင်ထွက် လည်ပတ်ခွင့် ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ကျွန်မ စင်ကာပူမှာ အလုပ်လုပ်ရတာနဲ့ ပါတ်သက်လို့ ကျွန်မရဲ့ အတွေ့အကြုံတစ်ခုကို သက်သေခံပါရစေ။ အလုပ်လုပ်တာ တစ်နှစ်ကျော်ပြီ အခုထိ မမေ့ပါဘူး။ ကျွန်မ ပြီးခဲ့တဲ့ နိုဝင်ဘာလ တုံးက ကျွန်မ အလုပ်ရှင် ဆရာမရဲ့ အဘွားမွေးနေ့ပွဲကို လိုက်သွားခွင့် ရခဲ့ပါတယ်။ အဘွားရဲ့ မွေးနေ့မှာ သူတို့အားလုံး ပျော်လို့ပေ့ါ၊ ကျွန်မလည်း ပျော်ပါတယ်။ သူတို့က စားလိုက် သောက်လိုက်နဲ့ ကျွန်မကတော့ သူတို့ကလေးကို ထိန်းပေးရင်းနဲ့ သူတို့ရဲ့ ဘေးမှာ နေနေရပါတယ်။ အဲဒီအချိန်မှာ သမ္မာကျမ်းစာထဲက သူဌေးကြီးနဲ့ လာဇရု အကြောင်းကို သွားသတိရမိပါတယ်။ ဖြုန်းကနဲ ခေါင်းထဲ ဝင်လာတာက ဩော် အခုအချိန်မှာ ငါဟာ လာဇရု လိုပါဘဲလားလို့ စိတ်ထဲ ခံစားလိုက်မိပါတယ်။ ချက်ခြင်း အကောင်းဘက်က ပြန်တွေး လိုက်မိပါတယ်။ ငါက သူတို့ရဲ့ အလုပ်သမားတစ်ယောက်ဘဲ သင်ခန်းစာလဲ ရတယ်၊ အတွေ့အကြုံလဲ ရပါတယ်။

ကျွန်မ ရေးပြချင်တာက ဘုရားသခင်က သူချစ်တဲ့ သားသမီး တွေကို ဘယ်တော့မှ ပစ်မထားပါဘူး။ ကျွန်မတို့အတွက် ထာဝရ အသက်သရဖူ ပြင်ဆင်ထားပေးတယ်ဆိုတာ ကျွန်မ အကြွင်းမဲ့ ယုံကြည်ပါ တယ်။ ကျွန်မ အစ်ကိုက ဘာပြောသလဲဆိုရင် ညီမလေးတို့က အိမ်အလုပ်၊ စောလေးတို့က သာသနာ အလုပ်၊ အလုပ်ချင်း မတူပေမဲ့ ဒါဟာလည်း သာသနာ ပြုခြင်း တစ်ခုဘဲ၊ ဘာဘဲလုပ်ရ လုပ်ရ စိတ်မပျက်နဲ့၊ ညီမလေး အတွက် အမြဲ ဆုတောင်းပေးနေတယ်။ ထို့အတူ စင်ကာပူမှာ အလုပ်လုပ်နေ ကြတဲ့ ညီအစ်ကို မောင်နှမတွေ အားလုံးအတွက် ဆုတောင်းပေးနေတဲ့ အစ်ကို့ကို ကျေးဇူးအများကြီးတင်ပါတယ်။

ကျွန်မတို့ အသက်တာကို အဆိုးအားဖြင့် အရှုံးမခံဘဲ အကောင်း အားဖြင့် အဆိုးကို နိုင်တတ်ဖို့ အရေးကြီးပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်မ ရေးချင်တာက ကျွန်မတို့ ဘဝ သာယာ လှပဖို့ ဘုရားသခင်ဆီမှာ တောင်းခံရမဲ့ အရာက သည်းခံခြင်း စိတ်နှလုံးသား ကိုပေးသနားပါ ဆိုတာပါဘဲ ။ ။

ချစ်ခြင်းမေတ္တာဖြင့် ... **သမီးငယ်တစ်ဦး**

---

**ဝိညာဉ်ပကတိအကျိုးဟူမူကား ...**

ဂလာတိ ၅း၂၂ - ( **နီနီခိုင်** )



ယေရှုခရစ်တော်ကို မိမိရဲ့ ကယ်တင်ပိုင်ရှင်အနေနဲ့ ယုံကြည် လက်ခံ လိုက်ရုံနဲ့ ခရစ်ယာန် အသက်တာဟာ ပြီးမသွားပါဘူး။ အပါတ်စဉ် ယုံ ကြည်သူများနှင့် မိတ်သဟာယဖွဲ့ပြီး ( ဘုရားကျောင်း မှန်မှန်တက်ပြီး) နှုတ်ကပါတ်တော်ကို နှလုံးသားထဲမှာ သိုထား၍ လက်တွေ့ လိုက်နာ လိုက်လျှောက်ရမှာ ဖြစ်ပါတယ်။ နံနက်တိုင်း ဘုရားသခင်ထံမှ အသစ်သော ကရုဏာ ခံစားရစေဖို့အတွက် (ယေရမိမြည် ၃း၂၃) ကိုယ့်ရဲ့ အသက်တာကို ဆုတောင်း ဆက်ကပ်အပ်နှံပြီး ဆုတောင်း ကျမ်းစာ ဖတ်ခြင်းနှင့်အတူ တစ်နေ့တာ ဘုရားသခင်ပြုခဲ့သော ကျေးဇူးများကို ညအချိန်မှာ ချီးမွမ်းဖို့ရန် လိုအပ်ပါ တယ်။ ယုံကြည်သူများရဲ့ အသက်တာမှာ နေ့စဉ် ဇာတိ (လောက) နဲ့ ဝိညာဉ် ရေးရာ တိုက်ပွဲမျိုးကို ဝင်နေရပါတယ်။

ကိုယ့်ရဲ့ အလုပ်ရှင်၊ လုပ်ဖော်ဆောင်ဘက်၊ သူငယ်ချင်း၊ ခင်ပွန်း ဇနီး၊ သားသမီးတွေ အပေါ် ပေါင်းသင်းဆက်ဆံရာမှာ ဝိညာဉ် ပကတိ အသီး ၉လုံးထဲက ဘယ်နှလုံး ကိုယ့်ရဲ့ အသက်တာထဲမှာ နေ့စဉ် လိုက်နာ နိုင်သလဲ ဆိုတာ ဆန်းစစ်ကြည့်ပါ။ မလွယ်ကူပေမဲ့ သခင်ယေရှုရဲ့ ခွန်အား အားဖြင့် လွယ်ကူ စေပါလိမ့်မယ်။

ပထမ အစပြုတဲ့ ခြေလှမ်းက ...

**၁) ချစ်ခြင်း** ။ ။ လူတစ်ဦးတစ်ယောက် (သို့) တစ်စုံတစ်ရာ အပေါ်မှာ ကျွန်မ တို့ စိတ်ပျက်သွားရင် အဲဒီလူကို မချစ်နိုင်တော့ပါဘူး။ ဒါ့ကြောင့် သမ္မာ ကျမ်းစာက ၁ကော ၁၃း၁၃ မှာ ချစ်ခြင်းမေတ္တာသည် အမြတ်ဆုံး။ ၁ယော ၄း၈ မှာ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်သည် လို့ ဆိုထားပါတယ်။

**၂) ဝမ်းမြောက်ခြင်း** ။ ။ ချစ်ခြင်းမေတ္တာ မရှိရင်တော့ ဝမ်းမြောက်ခြင်းဆိုတာလဲ မိတ်ဆွေ အသက်တာမှာ ရှိမလာနိုင်ပါဘူး။ ဘုရား သခင်က ကျွန်မတို့အပေါ်မှာ ဘာလုပ်တာကို ဝမ်းမြောက်သလဲ ဆိုတော့ **၃ယော ၁း၄ ငါ၏ သားသမီးတို့သည် သမ္မာတရား၌ ကျင်လည်သည်ကို ငါကြား၍ ဝမ်းမြောက်ခြင်းထက် သာ၍ ဝမ်းမြောက်ခြင်းမရှိ။** လို့ ဆိုထားပါတယ်။

**၃) ငြိမ်သက်ခြင်း** ။ ။ မိတ်ဆွေရဲ့ အသက်တာမှာ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း မရှိရင် ဘယ်လိုမှ စိတ်နှလုံးကို ငြိမ်သက်မှု မပေးနိုင်တော့ပါဘူး။ ငြိမ်သက်ခြင်း ကို ပေးနိုင်တဲ့ အရှင်ကတော့ သခင်ယေရှုပါဘဲ။ **ဖိလိပ္ပိ ၄း ၄-၇ ခပ်သိမ်းသော ဥာဏ်ကို လွန်၍ မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့ ၏ စိတ်နှလုံးတို့ကို စောင့်မ လိမ့်မည်။**

**၄) စိတ်ရှည်ခြင်း** ။ ။ စိတ်ရှည်ခြင်းဟာလည်း အမှန် လိုအပ်တဲ့ အရာ ဖြစ်ပါတယ်။ ကျွန်မတို့အသက်တာကို စာတန်က ဘယ်လိုဘဲ နည်းမျိုးစုံနဲ့ စုံစမ်း ပါလေစေ၊ စိတ်ရှည် သည်းခံဖို့လိုပါတယ်။ ကျွန်မတို့ရဲ့ အားနည်း ချက်ကို မြင်ပြီး ဘုရားရဲ့ မြင့်မြတ်ခြင်းကို မျှော်ကြည့်ရမှာ ဖြစ်ပါတယ်။ **ဘုရားသခင့် ရှေ့တော်၌ ကိုယ်ကိုကိုယ် နှိမ့်ချကြလော့။ သို့ပြုလျှင် သင်တို့ကို ချီးမြှောက် တော်မူလိမ့်မည်။ ယာကုပ် ၄း၁၀**

**၅) ကျေးဇူးပြုခြင်း** ။ ။ သခင်ယေရှုဟာ သူ့ကို လက်ဝါး ကပ်တိုင် ပေါ်မှာ တင်သတ်ဖို့ စွပ်စွဲပြောဆိုသောသူများ ကို ခွင့်လွှတ် ခဲ့သလို၊ သတေဖန် ကလဲ သူ့ကို ကျောက်ခဲနှင့် ပစ်ပေါက်၍ သတ်သောသူများကို သူတို့ မသိ၍ ပြုမိသော အပြစ်ကို လွှတ်ဖို့ ဆုတောင်းပေးခဲ့ပါတယ်။ **သုတ္တံ ၂၅း၂၁-၂၂ သင်၏ ရန်သူသည် မွတ်သိပ်လျှင် လုပ်ကျွေးလော့။ ရေငတ်လျှင် သောက်စရာဖို့ ပေးလော့။ ထိုသို့ပြုလျှင် သူ၏ ခေါင်းပေါ်၌ မီးခဲကို ပုံထား၍ ထာဝရ ဘုရားသည်လည်း သင်၌ ဆုချတော်မူမည်။** သင်၏ ရန်သူကို ကျေးဇူးပြုပါက သင့်အား ဘုရားသခင်က ဆုချ ပေးသနားမှာ ဖြစ်ပါတယ်။

**၆) ကောင်းမြတ်ခြင်း** ။ ။ နေ့စဉ် အသက်တာမှာ ဘုရားသခင်ရဲ့ ကောင်းမြတ်ခြင်း အကြောင်းများကို သက်သေခံ ဝေငှဖို့လိုပါတယ်။ ဘုရား သခင်ရဲ့ ကောင်းမြတ်တော်မူသော သဘောတော်သည် ကျွန်တော် ကျွန်မတို့ ရဲ့ နှလုံးသားထဲမှာ စိမ့်စီးဝင်၍ ကောင်းသော အသက်တာနဲ့ အသက်ရှင်ဖို့ လိုပါတယ်။ **ဆာလံ ၁၁၈း၁ ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍ ကရုဏာ တော် အစဉ်အမြဲ တည်သောကြောင့် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။**

**အဆိုးအားဖြင့် အရှုံးမခံနှင့်၊ အကောင်းအားဖြင့် အဆိုးကို နိုင်လော့။ ရောမ ၁၂း၂၁**

**၇) သစ္စာစောင့်ခြင်း** ။ ။ ဒံယေလဟာ သူမြင်ရတဲ့ ဘုရားသခင် ပေးသော ရူပါရုံကို အခြားသူများအား ပြန်၍ မပြောပြဘဲ သစ္စာစောင့်ထိန်းခဲ့ပါတယ် (ဒံယေလ ၇း၂၈) ။ အာဗြံဟံဟာ က ၁၄း၂၂-၂၄မှာ **မင်းကြီး၏ ဥစ္စာ အပ်ချည်တစ်မျှင် ဖြစ်စေ၊ ခြေနင်းကြိုး ဟစ်ပင်ဖြစ်စေ၊ တစ်စုံ တစ်ခုကိုမျှ ငါမယူဟု ကောင်းကင်မြေကြီးရှင် အမြင့်ဆုံးသော ဘုရားသခင် ထာဝရ ဘုရား ရှေ့တော်၌ အကျွန်ုပ်သည် လက်ကို ချီ၍ အဓိဌာန်ပြုပါပြီဟု သောဒုံ မင်းကြီးအား ပြောဆို လေ၏။**

**၈) နူးညံ့သိမ်မွေ့ခြင်း** ။ ။ ဘုရားဘုန်းတော် ထင်ရှားဖို့ အတွက် နူးညံ့သိမ်မွေ့သူများ ဖြစ်ဖို့ လိုပါတယ်။ **ဖိလိပ္ပိ ၄း၅ လူအပေါင်းတို့ ရှေ့၌**

**သင်တို့၏ ဖြည်းညှင်းခြင်း သဘောကို ထင်ရှားစေကြလော့။ သခင်ဘုရားသည် အနီး အပါး၌ ရှိတော်မူ၏။**

***၉) ကာမဂုဏ်ချုပ်တည်းခြင်း*** ။ ။ သုတ္တံ ၅း၁၈–၁၉ အရ မိမိ ခင်ပွန်း ကိုသာ စွဲစွဲမြဲမြဲ ချစ်ရပါမယ်။ လုကာ ၁၆း၁၉ ကျမ်းချက်တွင် သူဌေးကြီးဟာ တစ်နေ့ တစ်နေ့ ကာမဂုဏ် စည်းစိမ်၌ မွေ့လျော်နေ ပြီး သေလွန်သော အခါ ငရဲမှာ နေရပါတယ်။ ချစ်သော မိတ်ဆွေ ကျွန်မတို့ရဲ့ အသက်တာမှာ ကာမဂုဏ် ခံစားလိုသော ဇာတိ စိတ်များကို ချုပ်တည်း လျှက် ဘုရားသခင်ကို နေ့ညည့်မပြတ် ဝတ်ပြု ကိုးကွယ် နိုင်ဖို့အတွက် နှလုံးသားထဲမှာ သန့်ရှင်းသော ဝိညာဉ်တော် ဘုရား အုပ်စိုးစေပါ။

သခင်ယေရှု ခရစ်တော်ကို မယုံကြည်သူတွေဟာ အသက် စာစောင် မှာ နာမည်ခဲ့ မပါရင် ဗျာဒိတ် ၂၀း၁၀ အရ နေ့ညမပြတ် ကန့်နဲ့ လောင်တဲ့ မီးငရဲအိုင်ထဲမှာ ထာဝရ အော်ဟစ်နေရမှာ ဖြစ်ပါတယ်။။

ဒီလောကထဲက ထွက်ခွာ မသွားခင်မှာ သခင် ခရစ်တော်ကို မိမိရဲ့ ကိုယ်ပိုင် ကယ်တင်ရှင် အဖြစ် ရွေးချယ်ရမှာပါ။ မိတ်ဆွေတို့ရဲ့ မိဘဆွေမျိုး၊ ညီ အစ်ကို မောင်နှမ သူငယ်ချင်း တစ်ယောက်စီတိုင်းအား ခရစ်တော်ကို မယုံ၍ နေ့ည မပြတ် ကန့်နဲ့ လောင်တဲ့ ထာဝရမီး ငရဲအိုင်ထဲမှာ အော်ဟစ်နေရမဲ့ အဖြစ်ကို မိတ်ဆွေ စဉ်းစားပြီး ကြေကွဲစွာနဲ့ သူတို့အတွက် ဆုတောင်း ပေးပါရန်။ ယေရှုမေတ္တာ၌ မေတ္တာရပ်ခံလျှက် ... **( နီနီခိုင် )**

---

## <u>ရလိုက်သောဆု</u> ( KKW )

ဤနေ့ရက်သည် ၂၀၀၇ ခုနှစ် မတ်လ တတိယအကြိမ် ပွဲတော် မင်္ဂလာ ဝင်စားရမည့်နေ့ ဖြစ်ပါသည်။ ကျွန်မသည် နှစ်သစ်ကူးသည့် အချိန် ရောက်တိုင်း နှစ်တိုင်း မပျက်မကွက် တောင်းခဲ့သည့် ဆု တစ်ခုမှာ ဤ နှစ်သစ် ၁၂လ ပါတ်လုံး ကိုယ်တော်ရှင်၏ ပွဲတော် မင်္ဂလာကို ဝင်စားရသော အခွင့် ပေးပါလို့ အမြဲတောင်းတတ်ပါသည်။ ဘုရားသခင်နှင့်အတူ တစ်နှစ်တာ ပါတ်လုံး အသက်ရှင်သွားချင်သည်။ ဤနေ့သည်လည်း မတ်လ ပထမဆုံး



အပါတ် ပွဲတော် မင်္ဂလာ ခံယူစားသောက်ရမည့်နေ့ ဖြစ်သောကြောင့် ဝမ်းသာလျှက် ရှိနေသော်လည်း မထင်မှတ်ဘဲ ဤနေ့ နံနက်ရောက်မှ သမီး ဖြစ်သူသည် ပရက်ရှာ အလွန်ကျပြီး ခေါင်းမူးကာ နေထိုင် မကောင်း ဖြစ်နေသောကြောင့် ဘုရားရှိခိုးကျောင်းသို့ မသွားရောက်နိုင်တော့ပါ။

မိခင်နှင့်အတူ ဖခင်သည် အိမ်တွင် အဖော်အဖြစ် နေခဲ့ရမည် ဖြစ်သောအခါ မြေးလေးနှစ်ယောက်မှာ မိဘများ မပါသဖြင့် သူတို့လဲ ဘုရား ကျောင်းသို့ မလိုက်လိုတော့ပါ။ ထို့ကြောင့် အဖိုးအဖွားဖြစ်သည့် ကျွန်မတို့ ဇနီးမောင်နှံနှစ်ဦးသာ ဘုရားကျောင်းသို့ ထွက်လာခဲ့ပါသည်။ စိတ်ထဲတွင် ခါတိုင်း မိသားစု ပျော်ရွှင်စွာ သွားနေကျဖြစ်သော်လည်း ယနေ့တွင် လူစုံ တက်စုံ မသွားနိုင်ခဲ့၍ မပျော်နိုင်တော့ပါ။

ဤသို့နှင့် ဗိမ္မာန်တော်သို့ ရောက်ခဲ့ပါပြီ။ ကျမ်းစာသင်တန်း ကိုလည်း သင်းအုပ်ဆရာက စိတ်အားထက်သန်စွာဖြင့် ဝါတွင်းကာလ အသက်တာ ပြင်ဆင်ခြင်းအကြောင်းကို ဂလာတိ ၆း၁၄ တွင် **ငါဖြစ်လျှင် ငါတို့ သခင် ယေရှုခရစ်၏ လက်ဝါးကပ်တိုင်မှတစ်ပါး အဘယ်အရာ၌မျှ ဝါကြွားခြင်း မရှိပါစေနှင့်။** ဟူသော ကျမ်းစကားနှင့် ပါတ်သက်၍ ရှင်းလင်းဟောကြားလျှက် ရှိပါသည်။ များစွာ ခွန်အားရရှိပါသည်။ ဆရာ့ကိုလဲ ကျေးဇူးတင်ပါသည်။ ကျမ်းစာ သင်တန်းပြီး၍ ဝတ်ပြုကိုးကွယ်ခြင်း စတင် လေပြီ။ သင်းအုပ် ပဌနာ အချိန်ရောက်သောအခါ ကျွန်မ ဝမ်းဗိုက်ထဲ ဆာလောင် လာသည်ကို ခံစား လိုက်ရပါသည်။ တဖြည်းဖြည်း ပို၍ ဆာလောင်လာပါသည်။ နံနက်စာ ထမင်း မစားခဲ့မိကြောင်း သတိပြန်ရမိပါသည်။ ဤသို့ ဆာ နေလျှင် ဝတ်ပြု ကိုးကွယ် ခြင်း၌ များစွာ အနှောက်အယှက်ဖြစ်မည်ကို ကျွန်မ သိသောကြောင့် စတင် ဆုတောင်းမိပါသည်။

"အဖဘုရား ကျွန်မတော့ ဗိုက်ဆာနေပါပြီ။ ဒီလိုသာ ဆာနေ မယ်ဆိုရင် ကျွန်မ ကောင်းစွာ ဝတ်ပြုနိုင်မည် မဟုတ်ပါ။ ဟောပြောမည့် တရား ဒေသနာအပေါ်တွင်လဲ အာရုံစူးစိုက် နိုင်မည် မဟုတ်ပါ။ ကျွန်မကို ဆာလောင်ခြင်းဖြင့် နှောက်ယှက်နေသောအရာကို ဖယ်ရှားပေးပါ" ဟု ဆုတောင်း လိုက်ပါသည်။ ဤသို့ဖြင့် ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ် ထဲတွင် ကျွန်မ ပါဝင်သွားရာ ဆာလောင်သည့် ခံစားမှု မရှိတော့ပါ။ ပွဲတော် မင်္ဂလာ အချိန် ရောက်လာပါပြီ။ ပွဲတော် မုန့်ကို ဝေနေပါပြီ။ ကျွန်မ စိတ်ထဲ တွင် ယနေ့ ကျွန်မတို့နှင့်အတူ ဘုရားကျောင်း မလိုက်လာနိုင်သော သား သမီး မြေးလေးတွေအတွက် ဆုတောင်းပေးမည်ဟု စိတ်က စဉ်းစားထားသော် လည်း ပထမဦးဆုံး စဉ်းစာမိသည်မှာ "ဒီနေ့ ဒီအချိန် ဒီနေရာမှာ ဆန္ဒ ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပွဲတော် မင်္ဂလာကို လာရောက် မခံယူနိုင်တဲ့ သူတွေအတွက် ဆုတောင်းပေးပြီးရမယ် "ဟူသော ခံစားချက် ဝင်လာ၍ ထိုသူများအတွက် ဆုတောင်းပေးပြီးမှ မိမိ၏ မိသားစုအတွက် ဆုတောင်း ပေးခဲ့မိပါသည်။

ကျွန်မတို့လဲ အကြောင်းအမျိုးမျိုးကြောင့် မြန်မာပြည်ကို ၁၀ ရက် နေ့တွင် ပြန်ရမည်ဖြစ်သည်။ ပထမ အစီအစဉ်အရ မေလတွင် ပြန်ရန် ဖြစ်သော်လည်း စင်ကာပူတွင် ကျန်နေခဲ့မည့် သားသမီး မြေးလေး မိသားစု အတွက် စိုးရိမ်ပူပန်မိသောကြောင့် သူတို့အတွက် ဆုတောင်းပေးသည့်အခါ ခံစားမှု တစ်ခု ဖြစ်ပေါ်လာပါသည်။ "မင်းတို့ဟာ သူတို့နဲ့အတူ ခေတ္တ ခနသာ နေနိုင်မယ်။ ငါသည်သူတို့နဲ့ အတူ သေသည်တိုင်အောင် အတူရှိမယ်" ဟု ခံစားလိုက်ရပါသည်။ ကျွန်မလဲ ခွန်အားရရှိလာပြီး ယုံကြည်မှု ရှိလာကာ မြန်မာပြည် ပြန်ဖို့အတွက် စိတ်မပူတော့ပါ။

ဤနေ့မှာဘဲ သင်းအုပ်ဆရာ ဟောကြားသော တရားဒေသနာက မာရိ၊ မာသနှင့် လာဇရုတို့ မောင်နှမ သုံးယောက်အကြောင်း အခြေခံပြီး "ယေရှု၌ ယုံကြည်ခြင်းရှိရန်၊ ကျွန်မတို့ ဆုမတောင်းခင်ကပင် သိသော အရှင် ဖြစ်ကြောင်း ယေရှုက ငါ့စကားကို ယုံသလော " ဟု မေးကြောင်း ဖော်ပြ ပါသည်။ ကျွန်မကိုလဲ ယေရှုဘုရားက ထိုသို့မေးနေသလို ခံစားရပါသည်။ ကျွန်မတို့ ဘက်မှ တကယ်ယုံကြည်ရန်သာ လိုကြောင်း ကျွန်မ နားလည် လိုက်ပါသည်။ ဤနေ့ ကျွန်မတို့ ဝတ်ပြုကိုးကွယ်သော စည်းဝေးကို ဘုရားရှင် အတူပါရှိပြီး တောင်းသော ဆုများ၊ ဟောသော တရားဒေသနာများ ကျွေးမွေး သော ပွဲတော်မုန့်များ အပေါ်မှာ ဘုရားရှင် ကောင်းကြီးပေးနေကြောင်း နားလည် ခံစားလိုက်ရပါသည်။

ဝတ်ပြုစည်းဝေး အလယ်တွင် ဆာလောင်ခဲ့သော ကျွန်မကို မဆာလောင်ရန် ဆုတောင်းခဲ့သည့်အတိုင်း စည်းဝေးပြီး၍ အိမ်သို့ ည ၇နာရီ မိုး စုံးစုံးချုပ် ပြန်ရောက်သည်အထိ ဆာလောင်ခြင်းမှ ကာကွယ်ပေးခဲ့သော ဘုရားရှင်ကို ကျေးဇူးတင်ပါသည်။ "အချိန်တန် အိမ်ပြန်ရမယ်" ဆိုသော ဗမာ စကားပုံအတိုင်း ၁၀ရက်နေ့တွင် မြန်မာပြည်သို့ ပြန်ခဲ့ရသော်လည်း စင်ကာပူတွင် ကျန်ခဲ့သော သားသမီး မြေးများ၏ အိမ်ထောင်အတွက် ဘုရားသခင် ကွယ်ကာပေးမည်ဆိုသော ကတိတော်အတွက် ကျေးဇူးတော် ချီးမွမ်းမိပါသည်။

စင်ကာပူသို့ ကျွန်မ လက်ဗလာနှင့် လာခဲ့ရသော်လည်း ပြန်သော အခါ ကျွန်မ အတွက် တောင်းခဲ့သော ဆု နှစ်မျိုးစလုံးကို ဘုရားသခင်သည် ဗိမ္မာန်တော်ထဲတွင် အဖြေပေးခဲ့ပါသည်။

စာဖတ်သူ မိတ်ဆွေများလဲ အလာခရီးနှင့် အပြန်ခရီးတွင် ဘုရား သခင်ဆီက မည်သို့သော ဆုကျေးဇူးများ ရရှိကာ ပြန်သွားရသလဲဆိုတာ စဉ်းစားပြီး ကျေးဇူးတော် အပေါင်းကို တိုး၍ တိုး၍ရေတွက် ချီးမွမ်းတတ်သော အသက်တာများ ဖြစ်ကြပါစို့ ဟု ဆုတောင်းလိုက်ပါသည်။ ။

ကျေးဇူးေတာ် အပေါင်းကို ချီးမွမ်းလျှက် ... ... **( KKW )**

---


မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်

( နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )



Min Aung Thet Lwin , Blk 76A #30-02

Red hill road, Singapore 151076

**E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))**